UNHCR
The UN Refugee Agency

## UNHCR လိမ်လည်မှုတိုက်ဖျက်ရေး မူဝါဒ

- UNHCR သည် လိမ်လည်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၌ UNHCR သို့မဟုတ် အခြားသူများ (ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူများအပါအဝင်)ကို အကျိုးအမြတ်ထုတ်ရန် ရည်ရွယ်ချက်ရှိရှိ လိမ်လည်လှည့်ဖြားခြင်း ဖြစ်သည်။
- သင်သည်(UNHCR တွင် မှတ်ပုံတင်ထားသော ဒုက္ခသည် သို့မဟုတ် ခိုလှုံခွင့်တောင်းခံသူအနေဖြင့်) အမှန်တရားအပေါ် ရပ်တည်ပေးရန် နှင့် သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် သက်သေအထောက်အထားများကို UNHCR သို့ ပေးရန် သင့်မှာ တာဝန်ရှိသည်။ ၎င်းမှာ သင်၏ အမှုတွဲဖိုင်နှင့် ဆက်နွယ်သည့် သတင်းအချက်အလက်များကို ချန်လှပ်မထားရန်နှင် လိုအပ်သည့် အသေးစိတ်အချက်အလက် အားလုံးကို ပေးရန် တာဝန်ရှိသည်။
- အကယ်၍ သင်သည် UNHCR အား အမှုကိစ္စကို မှန်မှန်ကန်ကန်ထွက်ဆိုရန် နှင် အပြည့်စုံ ထုတ်ဖော်ပြောပြရန် ပျက်ကွက်ပါက ကြီးလေသော အကျိုးဆက်များရှိနိုင်ပြီး အမှုလိုက်ရာတွင်လည်း အချိန်ကြန့်ကြာခြင်း သို့မဟုတ် သင့်လျော်သော အကူအညီပေးနိုင်ခြေမရှိခြင်း စသော ဆိုးကျိုးများ သက်ရောက်နိုင်သည်။
- **UNHCR နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်း အားလုံး၏ ဝန်ဆောင်မှုများဖြစ်သည့် ( UNHCR အထောက်အထားများ - လျှောက်ထားဆဲလက်မှတ် နှင့် ဒုက္ခသည်ကဒ်၊ မှတ်ပုံတင်ခြင်း၊ ဒုက္ခသည်အခြေအနေ အကဲဖြတ်ဆုံးဖြတ်ချက်၊ တတိယနိုင်ငံသို့ ပြန်လည်နေရာချထားရေးနှင့် အခြားအကူအညီများ အပါအဝင်)သည် အခမဲ့ဖြစ်သည်။**
- UNHCR သိုမဟုတ် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများအတွက် အခကြေးငွေတောင်းသော မည်သည့်အဖွဲ့အစည်း သိုမဟုတ် လူပုဂ္ဂိုလ်ကိုမဆို မယုံကြည်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုဝန်ဆောင်မှုများအားလုံးသည် အခမဲ့ ဖြစ်သည်။ UNHCR နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့များ၏ ဝန်ဆောင်မှုကို ငွေကြေး သို့မဟုတ် အခြားအခွင့်အရေးတစ်ခုခုဖြင့် အပေးအယူလုပ်ရန် ကမ်းလှမ်းခြင်းသည် လိမ်လည်လှည့်ဖြားခြင်းဖြစ်သည်ကို သတိပြုကြပါ။
- သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် အထောက်အထားများကို မျှဝေခြင်းမပြုမီ UNHCR ၊ ၎င်း၏ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ သို့မဟုတ် အခြားဝန်ဆောင်မှုပေးသည့် ဝန်ထမ်းများဟု ဆိုသူများမှ ဝန်ထမ်းကဒ်ကို ကြည့်ရှုရန် တောင်းပါ။
- သင်၏ အခြေအနေကို အခွင့်ကောင်းယူရန် ကြိုးစားသူများသည် UNHCR ၊ လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ သို့မဟုတ် အခြားအေဂျင်စီများနှင့် ချိတ်ဆက်မှုရှိကြောင်း သင်တို့အား အယုံသွင်းရန် သူတို့က အထောက်အထားအတုများ ပြနိုင်သည်ကိုလည်း သတိပြုကြပါ။
- တစ်စုံတစ်ယောက်က (UNHCR ၊ ၎င်း၏ လုပ်ဖော်ကိုင်ဖက်အဖွဲ့များ သို့မဟုတ် ရာသက်ပန်အခြေချ နေထိုင်ခွင့်ပြုသော တတိယနိုင်ငံတစ်ခုခု မှတဆင့်) အခြားနိုင်ငံသို့ ရာသက်ပန်အခြေချနေထိုင်ခွင့်ရရှိရန်၊ (UNHCR သို့မဟုတ် ၎င်း၏ လုပ်ဖော်ကိုင်ဖက်အဖွဲ့များမှ) ငွေကြေးအထောက်အပံ့ သို့မဟုတ် အခြား အထောက်အပံ့ ရရှိရန်၊ နှင့် စာရွက်စာတမ်းအတုများ သို့မဟုတ် လိမ်လည်လှည့်ဖြားပြီး ငွေကြေး သို့မဟုတ် အခြားအခွင့်အရေးတစ်ခုခုဖြင့် အပေးအယူလုပ်ရန် သင့်ကို ကမ်းလှမ်းလာပါက ချက်ချင်းအကြောင်းကြားပါ။ ဤကမ်းလှမ်းမှုများကို သင်အား ပုဂ္ဂိုရေးအရ၊ ဖုန်းခေါ်ခြင်း သို့မဟုတ် Facebook, Youtube, WhatsAppနှင့် twitters စသည့် လူမှုကွန်ယက် မီဒီယာများမှတဆင့် ပြုလုပ်နိုင်သည်။
- UNHCR ၊ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်း၊ ကော်မြူနီတီခေါင်းဆောင်များ၊ ကော်မြူနီတီ လူထုများ သို့မဟုတ် အခြားသူတစ်ဦးဦးသည် တတိယနိုင်ငံသို့ အခြေချနေထိုင်ခွင့်ရ သို့မဟုတ် (ပုဂ္ဂလိက စပွန်ဆာ၊ မိသားစု ပြန်လည်ပေါင်းစည်းရေးနှင့် လူသားချင်းစာနာမှုဖြင့် စဉ်းစားပေးခြင်း စသည်တို့ကဲ့သို့) လမ်းကြောင်းများဖွင့်ပေးရန် ကတိမပေးကြောင်းကို မှတ်သားထားပါ။ **စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များ၊ နှင့် ဝန်ဆောင်များအားလုံးသည် အခမဲ့ဖြစ်သည်။**

- **တစ်စုံတစ်ယောက်က UNHCR စာရွက်စာတမ်းအတု ပြုလုပ်လျှင် ၊ အခြားသူတစ်ဦးဦး၏ UNHCR စာရွက်စာတမ်းကို အသုံးပြုလျှင် သို့မဟုတ် UNHCR စာရွက်စာတမ်းကို ပြင်ဆင်လျှင် ၄င်းသည် လိမ်လည်မှုဖြစ်သည်။ UNHCR သည် ၄င်းကို အလေးအနက်ထားပြီး စုံးစမ်းစစ်ဆေးမှု ပြုလုပ်သည်။**
- UNHCR အိန္ဒိယ၏ လုပ်ငန်းနှင့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ စစ်မှန်သော၊ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များကို သိရှိလိုပါက ကျေးဇူးပြု၍ UNHCR ရုံးပိုင်ဆိုင်ရာ ဝဘ်ဆိုက်ဖြစ်သည့် https://help.unhcr.org/india/ တွင် လေ့လာကြည့်ရှုပါ သို့မဟုတ် UNHCR Facebook စာမျက်နာဖြစ်သည့် https://www.facebook.com/indiaUNHCR/ တွင် လေ့လာကြည့်ရှုပါ။
- UNHCR ဝန်ထမ်း၊ လုပ်ဖော်ကိုင်ဖက်အဖွဲ့၏ ဝန်ထမ်း သို့မဟုတ် ကန်ထရိုက်တာ(စာချုပ်ချုပ်ဆိုခြင်းဖြင့် UNHCR နှင့်ဆက်နွယ်နေသူ တစ်ဦးဦး)သည် လိမ်လည်မှု သို့မဟုတ် မှားယွင်းသောအပြုအမူကို ကျူးလွန်သော အမှုကိစ္စမျိုးများအတွက် ကုလသမဂ္ဂဌာနချုပ်ရှိ UNHCR အထူးစစ်ဆေးရေးအကြီးအကဲထံ အီးမေးလ်- inspector@unhcr.org ၊ website: https://www.unhcr.org/igo-complaints.html ၊နှင့် လျှို့ဝှက်ဖက်စ်နံပါတ်- +၄၁၂၂ ၇၃၉ ၇၃၈၀ သို့ ကျေးဇူးပြု၍ တိုက်ရိုက် သတင်းပို့ပေးပါ။ သို့မဟုတ် စာတိုက်မှတဆင့် UNHCR, 94, Rue de Montbrillant, 1202 Geneva, Switzerland သို့ စာပို့ပါ။ IGO ခေါ် အထူးစစ်ဆေးရေးအကြီးအကဲသည် လက်ခံရရှိသည့် သတင်းအချက်အလက်ဟူသမျှကို လျှို့ဝှက်ထားမည်။
- UNHCRနှင့် သက်ဆိုင်သူ လူပုဂ္ဂိုလ်တစ်ဦးဦး(ဥပမာ- ခိုလှုံခွင့်တောင်းခံသူ၊ သို့မဟုတ် ဒုက္ခသည်) သို့မဟုတ် UNHCRနှင့် စာချုပ်ချုပ်ဆိုခြင်းမရှိပဲ ဆက်နွယ်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးက UNHCR ကို လိမ်လည်မှု ပြုလုပ်သော အမှုကိစ္စများအတွက် ကျေးဇူးပြု၍ **UNHCR အိန္ဒိယရှိ လိမ်လည်မှု တိုက်ဖျက်ရေး တာဝန်ခံ**ထံ email: indne@unhcr.org သို့ စာပို့ပေး၍ အကြောင်းကြားပါ။ သို့မဟုတ် UNHCR ရုံးရှေ့ရှိ တိုင်ကြားစာ သေတ္တာ( အနီရောင် သေတ္တာ) တွင် စာရေးပြီး ထည့်သွင်းပေးပါ။

**အရေးကြီး မှတ်ချက်။** UNHCR နှင့် လုပ်ဖော်ကိုင်ဖက်များ၏ ဝန်ဆောင်မှုများသည် အခမဲ့ဖြစ်သည်။

ဝန်ဆောင်မှုများနှင့် အထောက်အပံ့များဖြင့် အပေးအယူလုပ်ရန် မည်သည့် လိင်ပိုင်းဆိုင်ရာအခွင့်အရေး သို့မဟုတ် အခြားအခွင့်အရေးကို တောင်းဆိုခွင့် မရှိပေ။

UNHCR နှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့များမှာ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် စော်ကားမှုအတွက် လုံးဝ သည်းခံပိုင်ခွင့် မရှိသော zero tolerance ပေါ်လေစီ ရှိသည်။

ဤ ကော်မြူနီတီသတင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ သင်တွင် မေးမြန်းစရာများရှိပါက **UNHCR toll-free number: ၁၈၀၀၁၀၃၅၆၃၅** သို့ ဖုန်းခေါ်နိုင်သည် သို့မဟုတ် **indne@unhcr.org သို့ အီးမေလ်** ပို့ပြီး ဆက်သွယ်နိုင်သည်။

*Updated in 31 August 2021*